# ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်
# ကယားပြည်နယ်၏ ရသုံးခန့်မှန်းခြေ
# ငွေစာရင်းဆိုင်ရာ အချက်အလက်များ








## ပွင့်လင်းမြင်သာ ပြည်သူ့ဘဏ္ဍာ

**Year 2017 – 2018**
**KAYAH STATE**
**CITIZEN'S BUDGET**

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ဉပဃျာဇဉ် | ၁-၂ |
| ၂ | သရုပ်ဖော် ကာတွန်းပုံ | ၃ |
| ၃ | နိုင်ငံတော်၏စီးပွားရေးမူဝါဒများ | ၄-၅ |
| ၄ | ရသုံးခန့်မှန်းခြေငွေစာရင်း | ၆ |
| ၅ | ဘဏ္ဍာရေးမူဝါဒ | ၇ |
| ၆ | ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ ဝေါဟာရကောက်နုတ်ချက် | ၈-၉ |
| ၇ | တိုင်းဒေသကြီး/ ပြည်နယ်များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်း ရေးဆွဲတင်ပြခြင်း နှင့် တိုင်းဒေသကြီး/ ပြည်နယ်များ၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ အတည်ပြုခြင်း | ၁၀ |
| ၈ | သရုပ်ဖော် ကာတွန်းပုံ | ၁၁-၁၂ |
| ၉ | ၂၀၁၇ခုနှစ်၊ ကယားပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ | ၁၃ |
| ၁၀ | သရုပ်ဖော် ကာတွန်းပုံ | ၁၄-၁၅ |
| ၁၁ | ကယားပြည်နယ်၏ ဘဏ္ဍာရေးနှစ်အလိုက် ရသုံးခန့်မှန်းခြေ အခြေအနေ ( ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ် မှ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် အထိ ) နှင့် ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် အတွက် ကယားပြည်နယ်၏ ရငွေလျာထားချက် | ၁၆ |
| ၁၂ | ၂၀၁၇ - ၂၀၁၈ ခု ၊ ဘဏ္ဍာရေးနှစ် အတွက် ကယားပြည်နယ်၏ သာမန် အသုံးစရိတ် လျာထားချက် နှင့် ငွေလုံးငွေရင်း အသုံးစရိတ် လျာထားချက် | ၁၇ |
| ၁၃ | ၂၀၁၇ - ၂၀၁၈ ခု ၊ ဘဏ္ဍာရေးနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန၊ အဖွဲ့အစည်းများ၏ အသုံးစရိတ်ခန့်မှန်းခြေစာရင်း | ၁၈ |
| ၁၄ | ၂၀၁၇ - ၂၀၁၈ ခု ၊ ဘဏ္ဍာရေးနှစ် ပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန၊ အဖွဲ့အစည်း (၂၂) ခု | ၁၉ |
| ၁၅ | သရုပ်ဖော် ကာတွန်းပုံ | ၂၀ |
| ၁၆ | နှစ်လတ်ဘဏ္ဍာရေးမူဘောင် (Medium Term Fiscal Framwork-MTFF) | ၂၁ |
| ၁၇ | ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ကယားပြည်နယ်၏ စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များ | ၂၂ |
| ၁၈ | ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် နှင့် ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ကယားပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန၊ အဖွဲ့အစည်းများအလိုက် သုံးငွေလျာထားချက်များ | ၂၃ |
| ၁၉ | သရုပ်ဖော် ကာတွန်းပုံ | ၂၄ |
| ၂၀ | ကယားပြည်နယ် ဘဏ္ဍာရန်ပုံငွေစာရင်းမှ မြို့နယ်အလိုက် ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်မည့် လုပ်ငန်းများ | ၂၅ |
| ၂၁ | ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဆောင်ရွက်မည့် လုပ်ငန်းများ | ၂၆-၂၇ |
| ၂၂ | ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ဆောင်ရွက်မည့် လုပ်ငန်းများ | ၂၈ |
| ၂၃ | ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဆောင်ရွက်မည့်လုပ်ငန်းများ | ၂၉ |
| ၂၄ | ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် လမ်းဦးစီးဌာနမှ ဆောင်ရွက်မည့် လမ်းအဆင့်မြှင့်တင်ခြင်း/ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ နှင့် တံတားတည်ဆောက်ခြင်း/ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ | ၃၀ |

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၅ | ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် စည်ပင်သာယာရေးအဖွဲ့များ၏ မြို့နယ်အလိုက် ရငွေနှင့် သုံးငွေ လျာထားချက် | ၃၁-၃၃ |
| ၂၆ | ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် အတွက် ပြည်နယ်အဆင့် ဌာန၊ အဖွဲ့အစည်းများ၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ လိုက်နာဆောင်ရွက်ရန် အချက်များ | ၃၄-၃၆ |
| ၂၇ | ဇယား ၂ - တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်း | ၃၇-၄၂ |
| ၂၈ | သရုပ်ဖော် ကာတွန်းပုံ | ၄၃ |
| ၂၉ | ဇယား ၅ - တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ကောက်ခံရမည့် အခွန်အခများ | ၄၄-၄၆ |
| ၃၀ | သရုပ်ဖော် ကာတွန်းပုံ | ၄၇ |

# ဥပဒေပျမ်းဘာခဲ့

၁။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ၂၀၁၁-၂၀၁၂ ခု၊ ဘဏ္ဍာရေးနှစ် ဒုတိယ (၆)လမှ စ၍ ပြည်ထောင်စု ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် တိုင်းဒေသကြီး/ ပြည်နယ် ရသုံးခန့်မှန်းခြေငွေစာရင်းဟူ၍ ခွဲခြားရေးဆွဲ ခဲ့ပြီး၊ နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေစာရင်းကိုလည်း ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေစာရင်း (Union Fund) နှင့် တိုင်းဒေသကြီး (၇) ခုနှင့် ပြည်နယ် (၇) ခုတို့၏ ဘဏ္ဍာရန်ပုံငွေစာရင်း (Regional Fund and State Fund) ဟူ၍ ဘဏ္ဍာရန်ပုံငွေစာရင်း (၁၅) ခုကိုလည်း ဖွင့်လှစ်၍ ခွဲခြားဆောင်ရွက် ခဲ့ပါသည်။

၂။ ကယားပြည်နယ် အစိုးရအနေဖြင့် ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ကယားပြည်နယ်၏ အရအသုံးခန့်မှန်းခြေငွေစာရင်းလျာထားချက်အား ရေးဆွဲရာတွင် ရသုံးခန့်မှန်းခြေငွေစာရင်း လျာထား ချက်များကို ပြည်ထောင်စုမှ ထောက်ပံ့ငွေပမာဏများအတိုင်း ကိုက်ညှိရေးဆွဲပြီး ကယားပြည်နယ် လွှတ်တော်သို့ တင်သွင်းရန် (၅-၁၂-၂၀၁၆) ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်နယ်အစိုးရအဖွဲ့၏ အစည်းအဝေးအမှတ်စဉ် (၃၀/ ၂၀၁၆) ဖြင့် အတည်ပြုချက် ရယူခဲ့ပါသည်။

၃။ ကယားပြည်နယ် လွှတ်တော်၏ (၁၃-၁၂-၂၀၁၆) ရက်နေ့တွင် ကျင်းပပြုလုပ်သော ဒုတိယအကြိမ် ကယားပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (၂/၂၀၁၆) ဖြင့် အတည်ပြုချက်ရယူ၍ အရအသုံး ခန့်မှန်းခြေငွေစာရင်း လျာထားချက်များကို ဘဏ္ဍာရေးကော်မရှင်သို့ ဆက်လက်တင်ပြခဲ့ပါသည်။ ကယား ပြည်နယ်၏ အရအသုံးခန့်မှန်းခြေငွေစာရင်းလျာထားချက်များကို (၉-၁-၂၀၁၇) ရက်နေ့တွင် ကျင်းပသော ဘဏ္ဍာရေးကော်မရှင်အစည်းအဝေး အမှတ်စဉ် (၁/၂၀၁၇)ဖြင့် အတည်ပြုခဲ့ပြီး (၃၀-၁-၂၀၁၇) ရက်နေ့တွင် ပြည်ထောင်စု လွှတ်တော်သို့ တင်သွင်းခဲ့ပါသည်။ ၎င်းကို ပြည်ထောင်စု လွှတ်တော်က ( ၁၇-၃-၂၀၁၇ ) ရက်နေ့တွင် အတည်ပြုခဲ့ပြီး (၂၄-၃-၂၀၁၇) ရက်နေ့တွင် နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုး၍ **"၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ"** ကို ပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါသည်။

၄။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီး နောက်ပိုင်း၌ ကယားပြည်နယ် လွှတ်တော်တွင် ၂၀၁၇ ခုနှစ်၊ ကယားပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာ ဥပဒေကြမ်းကို (၂၈-၃-၂၀၁၇) ရက်နေ့တွင် ကယားပြည်နယ်လွှတ်တော်သို့ တင်သွင်းခဲ့ပါသည်။ ၎င်းကို ကယားပြည်နယ် လွှတ်တော်က ( ၃၁-၃- ၂၀၁၇ ) ရက်နေ့တွင် အတည်ပြုခဲ့ပြီး ( ၃၁-၃-၂၀၁၇ ) ရက်နေ့တွင် ကယားပြည်နယ် ဝန်ကြီးချုပ်က လက်မှတ်ရေးထိုး၍ **"၂၀၁၇ ခုနှစ်၊ ကယားပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေ"** ကို ပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါသည်။

၅။ ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ရာတွင် တညီတညွတ်တည်း လိုက်နာနိုင်ရေးအတွက် ခေတ်နှင့်လျော်ညီသည့် **" မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာစည်းမျဉ်း "**ကို စီမံကိန်းနှင့် ဘဏ္ဍာ ရေးဝန်ကြီးဌာန၏ (၁-၄-၂၀၁၇) ရက်စွဲပါ၊ အမိန့်ကြော်ငြာစာအမှတ် (၃၅/၂၀၁၇) ဖြင့် ထုတ်ပြန် ပေးခဲ့ပါသည်။ ဥပဒေနှင့်အညီ လျာထားသုံးစွဲမည့် ပြည်နယ်ဘဏ္ဍာငွေများကို စီမံခန့်ခွဲရာတွင် အလေ အလွင့်မရှိ၊ အမှန်တကယ် ထိထိရောက်ရောက် အကျိုးရှိရှိ ဆောင်ရွက်နိုင်ရန်အလို့ငှာ ပြည်နယ်၏ အသုံးစရိတ်


များကို မူဝါဒနှင့်အညီ စနစ်တကျခွဲဝေသုံးစွဲနိုင်ရန်နှင့် ပြည်နယ်၏ ရငွေများကို တိုးမြှင့်ရရှိ စေရန်ရည်ရွယ်၍ ဌာန/ အဖွဲ့အစည်းများအနေဖြင့် ပြည်သူ့ဘဏ္ဍာငွေများကို မည်၍မည်မျှ ခွဲဝေရရှိပြီး၊ မည်သည့်ကဏ္ဍများတွင် သုံးစွဲလျက်ရှိကြောင်း ပြည်သူလူထုသို့ ပွင့်လင်းမြင်သာမှုရှိစွာ အသိပေးလိုသည့် အတွက် ၂၀၁၇ ခုနှစ်၊ ကယားပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို အခြေခံ၍ ဤစာစောင်ကို ပထမအကြိမ် ထုတ်ဝေလိုက်ခြင်း ဖြစ်ပါသည်။

၆။ သို့ဖြစ်ပါ၍ နိုင်ငံတော်၏ စီးပွားရေးမူဝါဒများ၏ ပထမအချက်ဖြစ်သည့် “ **ပွင့်လင်းမြင်သာပြီး ကောင်းမွန်တောင့်တင်းသည့် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်ဖြင့် ဘဏ္ဍာရေးအရင်းအမြစ်များ တိုးတက်ပွားများလာအောင် ဆောင်ရွက်ရန်** ” ဟူသည့် မူဝါဒနှင့်အညီ ပြည်နယ်အစိုးရအနေဖြင့် အလေးထား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း ပြည်နယ်သူ၊ ပြည်နယ်သားများ သိရှိစေရန် အစီရင်ခံအပ်ပါသည်။

ဦးအယ်လ်ဖောင်းရှို

ဝန်ကြီးချုပ်

ကယားပြည်နယ်အစိုးရအဖွဲ့


Citizen's Budget စာစောင်ဆိုတာ ဘာကို ပြောတာလဲ...
Citizen's Budget စာစောင်ဆိုတာ တိုင်းပြည်ရဲ့ ရငွေ/သုံးငွေ အခြေအနေတွေကို အကျဉ်းချုပ်ပြီး ပြည်သူတွေ သိအောင် ပွင့်ပွင့်လင်းလင်း ပြောပြထားတဲ့ စာစောင်လေ
CARTOON
2017

## နိုင်ငံတော်၏ စီးပွားရေးမူဝါဒများ

၁။ ပွင့်လင်းမြင်သာပြီး ကောင်းမွန်တောင့်တင်းသည့် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ်ဖြင့် ဘဏ္ဍာရေးအရင်းအမြစ်များ တိုးတက်ပွားများလာအောင် ဆောင်ရွက်ရန်၊

၂။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ပိုမိုအောင်မြင်စေရန် ဆောင်ရွက်ခြင်း၊ ပြုပြင်ပြောင်းလဲလုပ်ကိုင်နိုင်ခြေရှိသော လုပ်ငန်းများကို ပုဂ္ဂလိကပိုင်အဖြစ် ပြောင်းလဲလုပ်ဆောင်ခြင်းတို့အပြင် အလုပ်အကိုင်ရရှိရေး နှင့် စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုသည့် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများကို ပံ့ပိုးကူညီပေးရန်၊

၃။ ခေတ်မီဖွံ့ဖြိုးသော စီးပွားရေးကို ဖြစ်ထွန်းနိုင်စေသည့် လူ့အရင်းအမြစ်များမွေးထုတ်ပေးနိုင်ရန်နှင့် ပညာရပ်ပိုင်းဆိုင်ရာ အသက်မွေးဝမ်းကျောင်းပညာရပ်များကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်၊

၄။ လျှပ်စစ်ဓါတ်အား၊ လမ်းများ၊ ဆိပ်ကမ်းများစသည့် အခြေခံ စီးပွားရေးအဆောက်အအုံများ လျင်မြန်စွာတိုးတက်လာစေရေးကို ဦးစားပေးဆောက်ရွက်ရန်နှင့် Data ID Card System ၊ Digital Government Strategy နှင့် e – Government System တို့ကို ထူထောင်သွားရန်၊

၅။ ပြည်တွင်းနေနိုင်ငံသားများနှင့် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများ အားလုံးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်ပေးရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းမြင့်မားသော စီးပွားရေးလုပ်ငန်းများကို ကာလတိုအတွင်း ပိုမိုဦးစားပေးဆောင်ရွက်ရန်၊

၆။ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံစေရေးနှင့် ပို့ကုန်မြှင့်တင်နိုင်ရေး တို့အတွက် လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် စက်မှုကဏ္ဍများ ဘက်ညီစွာ တိုးတက်လာစေရန်နှင့် လယ်ယာစက်မှုကဏ္ဍ ချိန်ခွင်လျှာညီသည့် စီးပွားရေးပုံစံဖော်ထုတ်ရန်၊

## နိုင်ငံတော်၏ စီးပွားရေးမူဝါဒများ

၇။ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိကကဏ္ဍ တိုးတက်ရေးအတွက် နိုင်ငံသားတိုင်း မိမိတို့ လုပ်ကိုင်လိုသည့် စီးပွားရေးလုပ်ငန်းများကို လွတ်လပ်စွာလုပ်ကိုင်ခွင့်ရရှိစေရန်နှင့် ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ရန်အတွက် မူဝါဒများ သီးခြားရေးဆွဲဆောင်ရွက်ရန်၊ မူပိုင်ခွင့်များ နှင့် တရားဥပဒေ စိုးမိုးမှုရှိစေရေးအတွက် တိုးမြှင့်ဆောင်ရွက်ရန်၊

၈။ အိမ်ထောင်စုများ၊ တောင်သူလယ်သမားများနှင့် စီးပွားရေးလုပ်ငန်းများကို ရေရှည်ဖွံ့ဖြိုး တိုးတက်စေရေး အထောက်အကူပြုနိုင်မည့် ငွေရေးကြေးရေးစနစ်ဖြင့် ဘဏ္ဍာရေး တည်ငြိမ်မှု ရရှိလာစေရေး ဆောင်ရွက်ရန်၊

၉။ သဘာဝပတ်ဝန်းကျင်များကို ရေရှည်ထိန်းသိမ်းနိုင်ရန်အတွက် လိုက်လျောညီထွေ ဖြစ်စေမည့် မြို့ပြများတည်ထောင်ရန်၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ အဆင့်မြှင့်တင်ရန်တို့အပြင် အများ ပြည်သူနှင့် သက်ဆိုင်သည့်နေရာများ တိုးချဲ့ဖော်ထုတ်ရန်နှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ပိုမို စောင့်ရှောက် ထိန်းသိမ်းရေးတို့အတွက် ဆောင်ရွက်ရန်၊

၁၀။ နိုင်ငံတော်၏ ဝင်ငွေတိုးတက်ရရှိရန် အကျိုးသက်ရောက်မှုရှိပြီး မျှတသောအခွန်စနစ်ထူထောင်၍ ပြည်သူများ၏ အခွင့်အရေးနှင့် ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်ကို ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းလျက် အကာအကွယ်ပေးရန်၊

၁၁။ တီထွင်ဖန်တီးမှုစွမ်းရည်များနှင့် အဆင့်မြင့် နည်းပညာတိုးတက်မှုများကို အားထုတ်ကြိုးပမ်း ဖြစ်ပေါ်နိုင်စေသည့် အသိဉာဏ်ပစ္စည်း ပိုင်ဆိုင်မှုအတွက် အထောက်အပံ့ဖြစ်စေသော နည်းစနစ်များ၊ လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းဆောင်ရွက်ရန်၊

၁၂။ စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အာဆီယံဒေသတွင်း သာမက အခြားဒေသများ အတွင်း၌လည်း တိုးတက်ပြောင်းလဲလာနိုင်ဖွယ်ရှိသော အခြေအနေများကို ဖော်ထုတ်၍ မိမိတို့၏ စီးပွားရေးလုပ်ငန်းများကို အမြော်အမြင်ကောင်းများဖြင့် အခြေတည်ထူထောင်ရန်။

# ရသုံးခန့်မှန်းခြေငွေစာရင်း

## ၁။ အဓိပ္ပါယ်ဖွင့်ဆိုချက်

ရသုံးခန့်မှန်းခြေငွေစာရင်းဆိုသည်မှာ တစ်မျိုးသားလုံး၏စီမံကိန်းအရ လာမည့် ဘဏ္ဍာရေးနှစ်အတွင်း ဝင်ငွေစုစုပေါင်း မည်မျှရရှိ၍၊ ယင်းငွေများကို မည်သည့်ကဏ္ဍတွင် မည်သို့မည်ပုံ သုံးစွဲမည်၊ ရင်းနှီးမြှုပ်နှံမည် စသဖြင့် နိုင်ငံတော်အဖွဲ့အစည်းများ၏ ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်ကို ငွေကြေးဖြင့် ပြုစုဖော်ပြသည့်စာရင်း ဖြစ်သည်။

## ၂။ ရည်ရွယ်ချက်

(က) နိုင်ငံတော်အဖွဲ့အစည်းများ၏ ရငွေနှင့် အသုံးစရိတ်တို့ကို ကြိုတင်ခန့်မှန်းချက်အရ ပေါ်ပေါက်လာမည့် ပြည်သူ့ဘဏ္ဍာရန်ပုံငွေအခြေအနေကို တင်ပြရန်

(ခ) ပြည်သူ့ဘဏ္ဍာရန်ပုံငွေအခြေအနေကို ကြိုတင်သိရှိရသည့်အလျောက် လိုငွေပေါ်ပေါက်သည့်အခါ အချိန်မီဖြည့်တင်းပေးရေးအတွက် လိုအပ်သောအစီအစဉ်များ ကြိုတင်ပြုလုပ်၍ လုပ်ငန်းများအရှိန်မပျက် လုပ်ဆောင်သွားနိုင်ရန်

(ဂ) နိုင်ငံတော်အဖွဲ့အစည်းအသီးသီးတို့၏ ရငွေနှင့် အသုံးစရိတ်အမျိုးမျိုးအတွက် စနစ်တကျ စာရင်းပြုစုထိန်းသိမ်းနိုင်ရန်

(ဃ) အမျိုးသားစီးပွားရေးစီမံကိန်းနှင့် အမြဲတန်းဆက်စပ်မှုရရှိစေရေးအတွက် ညှိနှိုင်းဆောင်ရွက်ရန်

(င) တိုင်းရင်းသားလူမျိုးများအားလုံး၏ စီးပွားရေးအစီအစဉ်များကို အကောင်အထည်ဖော်ရာတွင် ရသုံးခန့်မှန်းခြေငွေစာရင်းများနှင့်အညီ ဘဏ္ဍာငွေများကို ခွဲဝေပေးရန်

## ၃။ ရသုံးခန့်မှန်းခြေငွေစာရင်းရေးဆွဲရေးအတွက် အခြေခံမူဝါဒ

(က) အခွန်စည်းကြပ်ရေးမူဝါဒ Tax Policy

(ခ) အသုံးစရိတ်မူဝါဒ Expenditure Policy

(ဂ) စီးပွားရေးမူဝါဒ Economic Policy

## ၄။ ဘတ်ဂျက်၏အဓိကလုပ်ဆောင်ချက်များ Budget Functions

(က) စွမ်းအားစုများကို လျာထားသတ်မှတ်ရေးလုပ်ဆောင်ချက်
Allocation of Resources

(ခ) ဝင်ငွေကို ခွဲဝေမျှတစေရေး လုပ်ဆောင်ချက်
Redistribution of Income

(ဂ) စီးပွားရေးတည်ငြိမ်မှုရရေး လုပ်ဆောင်ချက်
Stabilization of the economy

(ဃ) စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်ချက်
Promotion of Economic growth

# ဘဏ္ဍာရေးမူဝါဒ

## အခွန်မူဝါဒ

(၁) နိုင်ငံတော်အစိုးရ၏ အသုံးစရိတ်များအတွက်သာ အခွန်ကိုကောက်ခံခြင်း မဟုတ်ဘဲ နိုင်ငံတော်တွင် ညီညွတ်မျှတသော အရအသုံးငွေကြေးစနစ်ကို ဖော်ဆောင်၍ ငွေကြေး လည်ပတ်မှု မှန်ကန်စေရန်၊

(၂) ငွေကြေးဖောင်းပွမှုကို ထိန်းသိမ်းရန်၊

(၃) ပြည်တွင်းစားသုံးမှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စုဆောင်းမှုတို့ကို အခွန်အကောက်စနစ်ဖြင့် ထိန်းညှိပေးရန်၊

(၄) ကုန်ဈေးနှုန်းတည်ငြိမ်မှုအတွက် အထောက်အကူပြုရန်၊

(၅) ဝင်ငွေခွဲဝေမှု မျှတစေရန်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရန်။

## အသုံးစရိတ်မူဝါဒ

(၁) ပညာရေး၊ ကျန်းမာရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေး အသုံးစရိတ်များကို ဆက်လက် တိုးမြှင့်သုံးစွဲရန်၊

(၂) ပြည်သူလူထုကို ချက်ချင်းလက်ငင်း အကျိုးပြုနိုင်သည့် အသုံးစရိတ်များကို ဦးစားပေး သုံးစွဲရန်၊

(၃) ဖွဲ့စည်းပုံနှင့် ဝန်ထမ်းခန့်အပ်မှုများကို စနစ်တကျစိစစ်ခွင့်ပြုရန်၊


(၄) စီမံကိန်းများအား ဦးစားပေးအဆင့်ခွဲပြီး လတ်တလော မလိုအပ်သေးသည့် စီမံကိန်းများကို ရွှေ့ဆိုင်းဆောင်ရွက်ရန်၊

(၅) ပစ္စည်းဝယ်ယူမှုများကို စနစ်တကျ စိစစ်ဆောင်ရွက်ရန်၊

(၆) ပြည်ပ အကူအညီရငွေနှင့် ပြည်ပ ချေးငွေများကို စိစစ်ရယူရန်၊

(၇) ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေနှင့် စိုက်ပျိုးရေ လုံလောက်စွာ ရရှိရေးတို့အတွက် တိုးမြှင့်သုံးစွဲရန်။

# ရသုံးခန့်မှန်းခြေငွေစာရင်း




# ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ ဝေါဟာရကောက်နုတ်ချက်

**ရသုံးခန့်မှန်းခြေငွေစာရင်း(Budget)။** တစ်မျိုးသားလုံး၏စီမံကိန်းအရ လာမည့်ဘဏ္ဍာရေးနှစ်အတွင်း ဝင်ငွေစုစုပေါင်း မည်မျှရရှိ၍၊ ယင်းငွေများကို မည်သည့်ကဏ္ဍတွင် မည်သို့မည်ပုံသုံးစွဲမည်၊ ရင်းနှီးမြှုပ်နှံမည်စသဖြင့် နိုင်ငံတော် အဖွဲ့အစည်းများ၏ ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်ကို ငွေကြေးဖြင့် ပြုစုဖော်ပြသည့်စာရင်း ဖြစ်သည်။

**ဘဏ္ဍာရေးနှစ် (Fiscal Year- FY) ။** နှစ်စဉ် ဧပြီလ(၁)ရက်နေ့မှ မတ်လ(၃၁) ရက်နေ့အထိ ဖြစ်သည်။

**သာမန်ရငွေ (Current Revenue) ။** သာမန်ရငွေတွင် အောက်ပါရငွေများပါဝင်သည်−

၁။ ပစ္စည်းများရောင်းချခြင်းနှင့် ဆောင်ရွက်ပေးမှုအတွက် ရငွေများ၊ ဒဏ်ငွေများနှင့်အခြားရငွေများဖြစ်သည့် သာမန်ရငွေများ၊

၂။ တည်ဆဲဥပဒေအရ သက်ဆိုင်ရာဌာန၊အဖွဲ့အစည်းများက စီမံကြီးကြပ်ကောက်ခံပေးရသည့် အခွန်အကောက်ငွေများ၊

၃။ ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ ရရှိသော အတိုးရငွေများ၊

၄။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ နိုင်ငံတော်သို့ထည့်ဝင်ငွေအဖြစ် ပေးသွင်းရသည့် ထည့်ဝင်ငွေများ၊

၅။ သာမန်အသုံးစရိတ်အတွက် ရရှိသော ပြည်ပအကူအညီရငွေများ။

**သာမန်သုံးငွေ (Current Expenditure)။** သာမန်သုံးငွေတွင် အောက်ပါအသုံးစရိတ်များပါဝင်သည်−

၁။ နှစ်စဉ်ကုန်ကျရသည့် လစာစရိတ်ချီးမြှင့်ငွေ၊ ခရီးသွားလာစရိတ်၊ ပစ္စည်းများလုပ်အားနှင့် ဆောင်ရွက်ပေးမှုအတွက် ကုန်ကျစရိတ်၊ ပြင်ဆင်ထိန်းသိမ်းစရိတ်၊ လွှဲပြောင်းသုံးစွဲငွေများ၊ ဧည့်ခံကျွေးမွေးစရိတ်၊ သီးသန့်အသုံးစရိတ်များ၊

၂။ ပင်စင်လစာငွေများ၊ ဆုငွေများနှင့် တစ်လုံးတည်းပင်စင်ငွေများ၊

၃။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအတွက် ကုန်ကြမ်းဝယ်ယူခြင်း၊ ကုန်ထုတ်လုပ်မှုစရိတ်/ လုပ်ငန်းဆောင်ရွက်မှုစရိတ်၊ စီမံနှင့်သုတေသနစရိတ်၊ ရောင်းချဖြန့်ဖြူးမှုစရိတ်၊ ပေးဆောင်ရမည့် ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်နှင့် နိုင်ငံတော်သို့ ထည့်ဝင်ငွေများ၊

၄။ နိုင်ငံခြားအသင်းအဖွဲ့များနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများသို့ နှစ်စဉ်ကြေးပေးသွင်းခြင်းများနှင့် ပြည်တွင်းအဖွဲ့အစည်းများအား ထောက်ပံ့ငွေများ၊ တိုင်းဒေသကြီး(သို့မဟုတ်)ပြည်နယ်များနှင့် စည်ပင်သာယာရေးအဖွဲ့များသို့ ထောက်ပံ့ငွေများ၊

၅။ ငွေတိုက်စာချုပ်နှင့် ငွေတိုက်လက်မှတ်များအပေါ်တွင် ပေးချေရသော ပြည်တွင်းအတိုးပေးငွေများနှင့် ပြည်ပကြွေးမြီပေါ်တွင် ပေးချေရသော အတိုးငွေများ။

**ငွေလုံးငွေရင်းရငွေ (Capital Revenue)။** ငွေလုံးငွေရင်းရငွေတွင် အောက်ပါရငွေများပါဝင်သည်−

၁။ မတည်ပစ္စည်းများကို ပြန်လည်ရောင်းချခြင်း၊ ဖျက်သိမ်းလိုက်သော ဌာနအဖွဲ့အစည်းများ၏ သီးသန့်ရန်ပုံငွေများ လက်ခံရရှိခြင်းနှင့် မတည်အသုံးစရိတ်မှ ငွေပင်ငွေရင်းများပြန်လည်ရရှိသည့် ရငွေများ၊

၂။ ငွေလုံးငွေရင်းအသုံးစရိတ်အတွက် ရရှိသော ပြည်ပအကူအညီရငွေများ။

ငွေလုံးငွေရင်းသုံးငွေ(Capital Expenditure)။ ငွေလုံးငွေရင်းသုံးငွေတွင် အောက်ပါအသုံးစရိတ်များ ပါဝင်ပါသည်–

၁။ လုပ်ငန်းစီမံကိန်းများချမှတ်၍ ငွေပင်ငွေရင်း မြှုပ်နှံလုပ်ကိုင်ရသည့်ကုန်ကျစရိတ်များ၊ (ဥပမာ- စက်ရုံ၊ ကျောင်း၊ ဆေးရုံ၊ အဆောက်အဦများဆောက်လုပ်ခြင်း၊ လမ်းတံတားနှင့်ဆည်မြောင်းများတည်ဆောက်ခြင်းစသည့် တည်ဆောက်ရေးလုပ်ငန်းများ)

၂။ လက်ရှိ ရှိပြီးမတည်ပစ္စည်း၊ လမ်း၊ အဆောက်အဦ၊ ဆည်မြောင်း စသည်တို့အား တိုးတက်ကောင်းမွန်လာစေရန် ထပ်လောင်းဖြည့်စွက်သည့် ကုန်ကျစရိတ်များ၊

၃။ စက်ရုံအလုပ်ရုံများအတွက် စက်ပစ္စည်းများဝယ်ယူခြင်း၊ မော်တော်ယာဉ်၊ လေယာဉ်၊ ရေယာဉ်နှင့် မီးရထားစက်ခေါင်းများ၊ လူစီးတွဲများ စသည်တို့ဝယ်ယူခြင်း၊

၄။ ရုံးသုံးစက်ကိရိယာများ၊ ရုံးသုံးပရိဘောဂများ၊ ရုံးသုံးယာဉ်များနှင့် အခြားရုံးသုံးပစ္စည်းများဝယ်ယူခြင်းတို့အတွက် ကုန်ကျစရိတ်များ၊

၅။ စက်တပ်ဆင်စရိတ်စကများ၊ မြေလျော်ကြေးများစသော အခြားအသုံးစရိတ်များအတွက် ကုန်ကျစရိတ်များ။

ကြွေးမြီရငွေ (Financial Revenue)။ ကြွေးမြီရငွေတွင် အောက်ပါရငွေများ ပါဝင်သည်–

၁။ ပြည်တွင်းမှ ချေးယူငွေအတွက်ရငွေများ၊

၂။ ပြည်ပမှ ချေးယူငွေအတွက် ရငွေများ၊

၃။ အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေများ၊

၄။ စုဆောင်းငွေများ။

ကြွေးမြီသုံးငွေ (Financial Expenditure)။ ကြွေးမြီသုံးငွေတွင် အောက်ပါအသုံးစရိတ်များ ပါဝင်သည်–

၁။ ပြည်တွင်းကြွေးမြီ ပြန်လည်ပေးဆပ်ခြင်းအတွက်အသုံးစရိတ်၊

၂။ ပြည်ပကြွေးမြီ ပြန်လည် ပေးဆပ်ခြင်းအတွက် အသုံးစရိတ်၊

၃။ အဖွဲ့အစည်းများတွင် ရင်းနှီးငွေ(ငွေကြေးအဖွဲ့အစည်းများတွင် ရင်းနှီးမြှုပ်နှံထားမည့်အသုံးစရိတ်)၊

၄။ စုဆောင်းငွေများ(ငွေစုလက်မှတ်များဖြင့် စုဆောင်းငွေအပေါ် ပြန်ထုတ်ငွေများ)။

မူလခန့်မှန်းခြေ Budget Estimate (BE)။ ဘဏ္ဍာရေးနှစ်မတိုင်မီ(၆)လခန့်မှစတင်၍ ကြိုတင်ခန့်မှန်းထားသော ရငွေ၊ သုံးငွေများစာရင်းဖြစ်ပါသည်။ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး(သို့မဟုတ်)ပြည်နယ်များ၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေများဖြင့်အတည်ပြု ပြဋ္ဌာန်းသည်။

ဖြည့်စွက်ခွင့်ပြုငွေ Supplementary Grant (SG)။ အသုံးစရိတ်တစ်ခုအတွက် မူလခွဲဝေချထားငွေဖြင့် မလုံလောက်၍ဖြစ်စေ၊ အခြားငွေစာရင်းခေါင်းစဉ်တစ်ခုခုမှ လွှဲပြောင်းသုံးစွဲရန် ပိုလျှံငွေမရှိ၍ဖြစ်စေ သို့မဟုတ် အသုံးစရိတ်အသစ်တစ်ခုအတွက် မူလခွဲဝေချထားငွေလုံးဝမရှိ၍ဖြစ်စေ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေဖြင့် ထပ်မံသတ်မှတ်ပေးသည့် ရန်ပုံငွေကို ခေါ်ပါသည်။

ပြုပြင်ပြီးခန့်မှန်းခြေ Revised Estimate (RE)။ လက်ရှိဘဏ္ဍာရေးနှစ်အတွင်းအသုံးစရိတ်ပိုင်းတွင် မူလခွင့်ပြုငွေအပြင် ဖြည့်စွက်ခွင့်ပြုငွေထပ်မံရရှိခြင်းကြောင့်လည်းကောင်း၊ မူလခွင့်ပြုရန်ပုံငွေများကို အမှန်တကယ်သုံးစွဲရာ၌ မသုံးစွဲဖြစ်သည့်အတွက် လျော့နည်းသွားသော ရန်ပုံငွေများကြောင့်လည်းကောင်း၊ ရငွေပိုင်းတွင်မူလလျာထားငွေထက်ပိုမိုရရှိခြင်း(သို့မဟုတ်) လျော့နည်းရရှိခြင်းတို့ကြောင့်လည်းကောင်း ပြုပြင်ပြောင်းလဲသွားသည့် ခန့်မှန်းခြေစာရင်းဖြစ်ပါသည်။ အသုံးစရိတ်တွင် (RE = BE + SG − လျော့နည်းသုံးစွဲငွေ) ဖြစ်ရပါမည်။

ယာယီအမှန်စာရင်း Temporary Actual (TA)။ ဘဏ္ဍာရေးနှစ်အတွင်း လစဉ်၊ သုံးလပတ်၊ ခြောက်လပတ် နှင့် နှစ်ပတ်လည် ကာလအလိုက် ရရှိသည့်ရငွေများနှင့် ထုတ်ယူသုံးစွဲပြီးသည့် အသုံးစရိတ်များကို သက်ဆိုင်ရာငွေစာရင်းခေါင်းစဉ်အလိုက် ပြုစုထားသော စာရင်းဖြစ်ပါသည်။ စာရင်းစစ်ဆေး အတည်မပြုရသေးသည့် စာရင်းဖြစ်ပါသည်။


ရှေ့ပြေးအမှန်စာရင်း Provisional Actual (PA)။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်း အတည်ပြုပြီးသည့်နောက်ပိုင်း လုပ်ငန်းလိုအပ်ချက်အရ အထွေထွေပိုလျှံရန်ပုံငွေ General Reserve Fund (GRF)နှင့် သီးသန့်ရန်ပုံငွေ (Reserve Fund)များမှ ထပ်မံခွင့်ပြုသည့် ရန်ပုံငွေများကြောင့်လည်းကောင်း၊ ဘဏ္ဍာရေးနှစ်ကုန်ဆုံးခါနီးတွင် မူလခွင့်ပြုငွေမှ မသုံးစွဲဖြစ်၍ ပိုလျှံငွေပြန်လည် အပ်နှံခြင်းကြောင့်လည်းကောင်း၊ မူလခွင့်ပြုငွေဘောင်အတွင်း ရန်ပုံငွေလွှဲပြောင်းသုံးစွဲခြင်းကြောင့် လည်းကောင်း ဖြစ်ပေါ်လာသည့်စာရင်း ဖြစ်ပါသည်။ PA = RE + GRF − Surrender (ပိုလျှံငွေပြန်အပ်ခြင်း)။ အသုံးစရိတ်သည် BE + SG + GRF + သီးသန့်ရန်ပုံငွေ ထက်မပိုရပါ။ (သီးသန့်ရန်ပုံငွေရရှိပါက ပေါင်းရမည်။)

အမှန်စာရင်း Actual (A)။ ရှေ့ပြေးအမှန်စာရင်း ဖြစ်ပေါ်ပြီးနောက် သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွက် အမှန်တကယ် ရရှိသည့်ငွေနှင့် အမှန်တကယ်သုံးစွဲပြီးသည့်အသုံးစရိတ်များကို ဘဏ်စာရင်းဖြင့်ကိုက်ညှိအတည်ပြုပြီးသောစာရင်းဖြစ်ပါသည်။ စာရင်းစစ်ဆေး အတည်ပြုပြီးသော စာရင်းဖြစ်ပါသည်။


# တိုင်းဒေသကြီး/ပြည်နယ်များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်း ရေးဆွဲတင်ပြခြင်းနှင့် တိုင်းဒေသကြီး/ပြည်နယ်များ၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ အတည်ပြုခြင်း



၁။ ပြည်ထောင်စုဝန်ကြီးဌာနကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ပြည်ထောင်စုအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်များသို့ လိုငွေဖြည့်ဆည်းပေးမည့် ဘောင်ကိုသတ်မှတ်၍ ဘတ်ဂျက် အဆိုပြု လျာထားချက်များ တောင်းခံသည်။



၂။ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များ၏ အဆိုပြုလျာထားချက်များကို တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်များ၏ အတည်ပြုချက်ဖြင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ပေးပို့သည်။




၃။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ရောက်ရှိလာသော တိုင်းဒေသကြီး/ပြည်နယ်များ၏ အဆိုပြုလျာထားချက်များကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ပဏာမစိစစ်သည်။

၄။ လိုအပ်ချက်များကို စိစစ်ပြီးနောက် ဒုတိယသမ္မတထံ တင်ပြသည်။



၅။ ဒုတိယသမ္မတက စိစစ်အတည်ပြုပြီးနောက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ လိုငွေအတွက်ဖြည့်ဆည်းပေးရမည့်ပမာဏနှင့်အထူးကိစ္စရပ်များအတွက် ထောက်ပံ့ ပေးရမည့်ပမာဏ တို့ကိုဖော်ပြ၍ ဘဏ္ဍာရေးကော်မရှင်သို့ တင်ပြသည်။




၆။ ဘဏ္ဍာရေးကော်မရှင်က အတည်ပြုထောက်ခံ၍ ပေးပို့သော ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်က အတည်ပြု သည့်အခါ တိုင်းဒေသကြီး/ပြည်နယ်ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းကို တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့က တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်သို့ တင်သွင်းသည်။





၇။ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်တွင် ဥပဒေနှင့်အညီ ဆွေးနွေး အတည်ပြုပြီးသည့်အခါ တိုင်းဒေသကြီး/ပြည်နယ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကို တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်က လက်မှတ်ရေးထိုး၍ပြဋ္ဌာန်း သည်။


ကယောလူမျိုး
တို့နိုင်ငံမှာ ဘတ်ဂျက်အမျိုးအစား ဘယ်နှစ်မျိုးတောင် ရှိတာလဲ...
ပြည်ထောင်စု ဘတ်ဂျက်နဲ့ တိုင်းဒေသကြီး/ပြည်နယ် ဘတ်ဂျက် ဆိုပြီး ၂ မျိုး ရှိတယ် ရှင့်...
CAR TOON
2017


ကယားမိုးနု <မနုမနော>
အရင် ကတည်းက ဘတ်ဂျက်က ၂မျိုး ရှိတာလား...
အရင်တုန်းကတော့. နိုင်ငံတော် ဘတ်ဂျက် ဆိုပြီး တစ်မျိုးပဲ ရှိတယ်
၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ အရ ပြည်ထောင်စု ဘတ်ဂျက်နဲ့ တိုင်းဒေသကြီး/ပြည်နယ် ဘတ်ဂျက် ဆိုပြီး နှစ်မျိုးရှိတယ်
CARTOON 2017

# ၂၀၁၇ ခုနှစ်၊ ကယားပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေ



၁။ ကယားပြည်နယ် အစိုးရအဖွဲ့ကိုယ်စား ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက (၂၈-၃-၂၀၁၇) ရက်နေ့တွင် ၂၀၁၇ ခုနှစ်၊ ကယားပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ကယားပြည်နယ် လွှတ်တော်သို့ တင်သွင်းသည်။

၂။ ပြည်နယ် လွှတ်တော်က ၂၀၁၇ ခုနှစ် ၊ ကယားပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကို ပြည်နယ်လွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး ဒုတိယနေ့ (၃၀-၃-၂၀၁၇)ရက်နေ့တွင် အတည်ပြုသည်။

၃။ ကယားပြည်နယ် ဝန်ကြီးချုပ်က ၂၀၁၇ ခုနှစ်၊ ကယားပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကို (၃၀-၃-၂၀၁၇) ရက်နေ့တွင် လက်မှတ်ရေးထိုး၍ ၂၀၁၇ ခုနှစ် ၊ ပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၄ အဖြစ် ပြဋ္ဌာန်းသည်။

၄။ ၂၀၁၇ ခုနှစ်၊ ကယားပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေတွင် အပိုင်း (၃) ပိုင်း ဖြင့် အောက်ပါအတိုင်းပြဋ္ဌာန်းထားသည်-

(က) အပိုင်း ၁။ အမည်နှင့်စတင် အကျိုးသက်ရောက်သည့် နေ့ရက်။

(ခ) အပိုင်း ၂။ ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ် ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့် ဦးစီးဌာနများ၊ စည်ပင်သာယာရေးအဖွဲ့များ။

(၁) အပိုင်း ၂ တွင် အခန်း (၂) ခန်း ပါဝင် ပါသည်-

(ကက) အခန်း (၁) ရငွေများနှင့် သုံးငွေများ။

(ခခ) အခန်း (၂) ငွေချေးယူခြင်း။

(ဂ) အပိုင်း ၃။ ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများ။

(၁) အပိုင်း ၃ တွင် အခန်း (၃) ခန်း ပါဝင် ပါသည်-


(ကက) အခန်း (၁) ရငွေများနှင့် သုံးငွေများ။

(ခခ) အခန်း (၂) ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများနှင့်ပတ်သက်၍ ပြည်နယ်အစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်များ။


(ဂဂ) အခန်း (၃) ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ဘဏ္ဍာရေးဆိုင်ရာလုပ်ပိုင်ခွင့်များ။


၅။ ၂၀၁၇ ခုနှစ်၊ ကယားပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေတွင် နောက်ဆက်တွဲဇယား (၁) မှ ဇယား (၆) အထိ ပါရှိသည်။



ကယန်း;လထ <ဇယိမ်း:>
တို့ပြည်နယ်က ဘယ်လို ဝင်ငွေ တွေရတာလဲ..
အခုက ကတော့ တို့ပြည်နယ်က ကျောက်ခဲခွင့်ပြုတဲ့ အချိန် အခုတွေ ကျောက်ခဲမြင်း ကနေ ရတာပေါ့ကွာ..
CARTOON
2017




ကယန်းပဒေါင် <ကယန်းကဲခေါင်း>
ဆည်သွယ်မြောင်း
ရေခွန်
အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန
- ယစ်မျိုးခွန်
- မြေယာပေါ်တွင် ကောက်ခံသည့်အခွန်
- ဓာတ်သတ္တု ပစ္စည်းများထုတ်ယူသည့် အတွက် ကောက်ခံသည့်အခွန်
ငါးလုပ်ငန်းဦးစီးဌာန
အင်း အိုင်ခွန်
သစ်တောဦးစီးဌာန
သစ်တောများမှ ပစ္စည်းများထုတ်ယူ သည့် အတွက်ကောက်ခံသောအခွန်
စည်ပင်သာယာရေး အဖွဲ့
ပစ္စည်းခွန်၊ ဘီးခွန်
ဘယ်လိုအခွန်အခ တွေကို ဘယ်သူတွေက တာဝန်ယူပြီး ကောက် ခံပေးတာလဲ
ဒီဌာနတွေက ဒီလို အခွန်အခတွေကို ကောက်ခံပေးတာလေ
CARTOON
2017



ကယားပြည်နယ်၏ ဘဏ္ဍာရေးနှစ်အလိုက် ရသုံးခန့်မှန်းခြေ အခြေအနေ
(၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ်အထိ)
(ကျပ်သန်းပေါင်း)
70000
60000
50000
40000
30000
20000
10000
0
11312
56139
44802
7377
51954
44751
2194
52632
50438
2317
56081
53764
6329
57771
51442
ရငွေ
အသုံးစရိတ်
ပြည်ထောင်စုမှ ထောက်ပံ့ငွေ
၂၀၁၄-၂၀၁၅ အမှန်
၂၀၁၅-၂၀၁၆ ရှေ့ပြေးအမှန်
၂၀၁၆-၂၀၁၇ မူလခန့်မှန်း
၂၀၁၆-၂၀၁၇ ပြုပြင်ပြီး
၂၀၁၇-၂၀၁၈ လျာထား


၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် အတွက် ကယားပြည်နယ်၏ ရငွေ လျာထားချက်
(ကျပ်သန်းပေါင်း)
1%
0%
0%
0%
0%
0%
1%
1%
2%
31%
64%
၁. ယစ်မျိုးခွန် (၄၆.၀၁၅)
၂. မြေယာပေါ်တွင် ကောက်ခံသည့်အခွန် (၂.၅၃၇)
၃. ဓာတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် (၃၂.၂၆၁)
၄. သစ်တောများမှ ပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန် (၂၁.၄၇၀)
၅. ရေခွန် (၁၅.၀၀၀)
၆. အင်းအိုင်ခွန် (၀.၇၂၀)
၇. ပစ္စည်းခွန် (၁၀၄.၁၉၇)
၈. ဘီးခွန် (၃၃.၄၃၃)
၉. အမြတ်ခွန်မှ ရသောဝေစု (၄၃.၅၄၀)
၁၀. သာမန်ရငွေ (၁,၉၆၆.၇၁၃)
၁၁. ပြည်ထောင်စုမှ ရရှိသော အခွန်ဝေစု (၄,၀၆၃.၀၂၇)


၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် အတွက်
ကယားပြည်နယ်၏ သာမန်အသုံးစရိတ် လျာထားချက် (ကျပ်သန်းပေါင်း)
■ ၀၁ လစာစရိတ်ချီးမြှင့်ငွေ (၅,၆၃၃.၅၃၆)
■ ၀၂ ခရီးသွားလာစရိတ် (၁၅၉.၀၇၈)
■ ၀၃ ပစ္စည်းများလုပ်အားနှင့် ဆောင်ရွက်ပေးမှုအတွက်ကုန်ကျစရိတ် (၂,၂၄၈.၇၆၈)
■ ၀၄-၀၁ စက်ကိရိယာ ပြင်ဆင်ထိန်းသိမ်းစရိတ် (၅၁.၆၀၀)
■ ၀၄-၀၂ အဆောက်အဦ ပြင်ဆင်ထိန်းသိမ်းစရိတ် (၂၄၂.၄၅၆)
■ ၀၄-၀၃ လမ်းများ ပြင်ဆင်ထိန်းသိမ်းစရိတ် (၆,၈၆၅.၆၁၄)
■ ၀၄-၀၄ မော်တော်ယာဉ် ပြင်ဆင်ထိန်းသိမ်းစရိတ် (၁၄၈.၅၅၅)
■ ၀၄-၀၅ ရေယာဉ် ပြင်ဆင်ထိန်းသိမ်းစရိတ် (၀.၁၀၀)
■ ၀၄-၀၆ သစ်တောကြိုးဝိုင်း ပြင်ဆင်ထိန်းသိမ်းစရိတ် (၀.၀၂၄)
■ ၀၄-၀၇ ရှေးဟောင်းဘုရား၊ စေတီပုထိုးများ၊ အထိမ်းအမှတ် အဆောက်အဦများ ပြင်ဆင်ထိန်းသိမ်းစရိတ် (၁၀.၀၀၀)
■ ၀၄-၀၉ အခြား ပြင်ဆင်ထိန်းသိမ်းစရိတ် (၁,၆၆၃.၂၃၉)
■ ၀၄-၁၀ တံတား ပြင်ဆင်ထိန်းသိမ်းစရိတ် (၇၂၉.၄၉၀)
■ ၀၅ လွှဲပြောင်းသုံးစွဲငွေ (၉၉.၆၉၇)
■ ၀၆ ဧည့်ခံကျွေးမွေးစရိတ် (၁၀၇.၃၆၈)
■ ပင်စင် (၂၂.၄၃၈)
■ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ (၇၀၀.၀၀၀)
■ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး (၂၀.၀၀၀)
30%
1%
12%
1%
0%
37%
9%
4%
4%
1%
0%
0%
1%
1%
0%
0%
0%
0%


၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် အတွက်
ကယားပြည်နယ်၏ ငွေလုံးငွေရင်းအသုံးစရိတ် လျာထားချက်(ကျပ်သန်းပေါင်း)
■ ၁. မြို့ပြစီမံကိန်း (၅၀၀.၀၀၀)
■ ၂. ဝန်ထမ်းနေအိမ်ဆောက်လုပ်ခြင်း (၅,၈၀၆.၆၀၈)
■ ၃. ရုံးအဆောက်အဦဆောက်လုပ်ခြင်း (၃,၁၇၄.၄၁၂)
■ ၄. အခြားအဆောက်အဦများဆောက်လုပ်ခြင်း (၆,၀၃၈.၉၂၃)
■ ၅. လမ်း/တံတား ပြင်ဆင်ထိန်းသိမ်းခြင်းများ (၁၃,၅၃၈.၁၁၇)
■ ၆. ဆည်မြောင်းဦးစီးဌာနမှ လယ်မြေရေပေးဝေရေးအတွက် ဆောင်ရွက်မည့်လုပ်ငန်းများ (၄၄၁.၇၁၀)
■ ၇. ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဆောင်ရွက်မည့် သောက်သုံးရေ ရရှိရေးလုပ်ငန်းများ (၂၅၂.၁၉၇)
■ ၈. စက်မှုလယ်ယာဦးစီးဌာနမှ ဆောင်ရွက်မည့် လယ်ယာမြေ ဖော်ထုတ်ခြင်းလုပ်ငန်းများ (၆၀.၀၀၀)
■ ၉. လျှပ်စစ်မီးလင်းရေး လုပ်ငန်းများ (၄,၀၀၀.၀၀၀)
■ ၁၀. နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (၂,၆၁၇.၀၁၀)
■ ၁၁. ရုံးသုံးစက်ကိရိယာ ဝယ်ယူမှုများ (၃၅၀.၉၁၇)
■ ၁၂. ရုံးသုံးပရိဘောဂ ဝယ်ယူမှုများ (၂၀၃.၈၄၈)
■ ၁၃. ရုံးသုံးယာဉ် ဝယ်ယူမှုများ (၇၁၃.၇၉၂)
■ ၁၄. အခြားရုံးသုံးပစ္စည်း ဝယ်ယူမှုများ (၂၅၈.၁၆၆)
■ ၁၅. လုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူခြင်း (၈၀၆.၅၂၃)
■ ၁၆. အခြားအသုံးစရိတ်များ(သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊မွေးမြူရေး၊ တိရစ္ဆာန်နှင့်ဆေးဝါး၊စစ်တမ်းကောက်ယူရန်ကုန်ကျစရိတ်) (၃၀၆.၈၀၀)
1%
15%
8%
15%
35%
1%
1%
0%
10%
7%
1%
1%
1%
2%
1%
1%

## ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်
## ပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန၊အဖွဲ့အစည်းများ၏
## အသုံးစရိတ်ခန့်မှန်းခြေစာရင်း



# ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်
# ပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန၊ အဖွဲ့အစည်း (၂၂) ခု

**၁။ ဗဟိုအဖွဲ့အစည်းများ**

(က) ပြည်နယ်အစိုးရအဖွဲ့ရုံး
(ခ) ပြည်နယ်လွှတ်တော်ရုံး
(ဂ) ပြည်နယ်တရားလွှတ်တော်
(ဃ) ပြည်နယ်ဥပဒေချုပ်ရုံး
(င) ပြည်နယ်စာရင်းစစ်ချုပ်ရုံး

**၂။ ပြည်ထဲရေးဝန်ကြီးဌာန အောက်ရှိ ဌာန၊ အဖွဲ့အစည်းများ**

(က) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
(ခ) အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန
(ဂ) မီးသတ်ဦးစီးဌာန

**၃။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အောက်ရှိ ဌာန၊ အဖွဲ့အစည်းများ**

(က) စိုက်ပျိုးရေးဦးစီးဌာန
(ခ) ငါးလုပ်ငန်းဦးစီးဌာန
(ဂ) မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
(ဃ) သမဝါယမဦးစီးဌာန
(င) အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန

**၄။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန အောက်ရှိ ဌာန၊ အဖွဲ့ အစည်းများ**

(က) သစ်တောဦးစီးဌာန
(ခ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

**၅။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အောက်ရှိ ဌာန၊ အဖွဲ့အစည်းများ**

(က) အားကစားနှင့် ကာယပညာဦးစီးဌာန

**၆။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အောက်ရှိ ဌာန၊ အဖွဲ့အစည်းများ**

(က) စီမံကိန်းရေးဆွဲရေးဦးစီးဌာန
(ခ) ဗဟိုစာရင်းအင်းအဖွဲ့
(ဂ) ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန

**၇။ ဆောက်လုပ်ရေးဝန်ကြီးဌာန အောက်ရှိ ဌာန၊ အဖွဲ့အစည်းများ**

(က) မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
(ခ) လမ်းဦးစီးဌာန

**၈။ စည်ပင်သာယာရေးအဖွဲ့များ**


တို့ပြည်နယ်က ရတဲ့ဝင်ငွေနဲ့အသုံး စရိတ် လောက်ရော လောက်ရဲ့လား
ရတဲ့ငွေနဲ့ မလောက်လို့ ပြည်ထောင်စုကနေ လိုငွေတွေကို ထောက်ပံ့ပေးတယ်လေ ဒီနှစ်ဆိုရင် ၅၁.၄၄၂ ဘီလီယံတောင် ဖြည့်ဆည်းပေးထားတယ်လေ
ဒီ့အပြင် ပြည်ထောင်စုကနေ တစ်ခြား ခွဲဝေပေးတာတွေ ရှိသေးလား
ရှိတာပေါ့ တစ်နိုင်ငံလုံး ရရှိတဲ့ အခွန်ဝေစုတွေထဲကနေ ကုန်သွယ်လုပ်ငန်းခွန် ၁၅% အထူးကုန်စည်ခွန် ၁၅% နဲ့ ဝင်ငွေခွန် ၅% ရရပေါင်း ၄.၀၆၃ ဘီလီယံတောင် ခွဲဝေပေးသေးတယ်

# နှစ်လတ်ဘဏ္ဍာရေးမူဘောင်
# (Medium Term Fiscal Framework- MTFF)

ဘတ်ဂျက်ရေးဆွဲရာတွင် ယခင်နှစ်များ၏ ရငွေ၊ သုံးငွေများကို အခြေခံရေးဆွဲခြင်းသာမက လာမည့်နှစ်များအတွက်ကြိုတင်ခန့်မှန်းခြင်းသည်လည်း အရေးကြီးပါသည်။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် လာမည့်ဘဏ္ဍာရေးနှစ်(၃)နှစ်အတွက် ရငွေနှင့်အသုံးစရိတ်များကို ခန့်မှန်းတွက်ချက်ရန် နှစ်လတ်ဘဏ္ဍာရေးမူဘောင်(MTFF)ကို ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်တွင် ကမ္ဘာ့ဘဏ်၏ နည်းပညာအကူအညီဖြင့် စတင်စမ်းသပ်ကျင့်သုံးခဲ့ပါသည်။ ပြီးခဲ့သောဘဏ္ဍာရေးနှစ်၏ ရငွေ၊သုံးငွေများအပေါ်အခြေခံပြီး လက်ရှိနှစ်အတွက် နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်စပ်လျဉ်း၍ ချမှတ်ထားသောမူဝါဒများ၊ ဦးစားပေးအစီအစဉ်များနှင့် ချိတ်ဆက်၍ နှစ်လတ်ဘဏ္ဍာရေးမူဘောင် (MTFF) ကို ခန့်မှန်းရေးဆွဲပါသည်။

## ရည်ရွယ်ချက်

(က) ဘဏ္ဍာငွေအရအသုံးစာရင်းများတွင် မူလလျာထားချက်နှင့် အမှန်စာရင်းများ ကွာဟနေမှုကို ပိုမိုနီးစပ်စွာ ခန့်မှန်းနိုင်ရန်၊

(ခ) ရရှိနိုင်မည့် အရင်းအမြစ်စုစုပေါင်းပမာဏအား ကြိုတင်ခန့်မှန်းပြီး ၎င်းအပေါ်မူတည်၍ ဌာနအဖွဲ့အစည်းများသို့ အသုံးစရိတ်များအား ထိရောက်စွာ ခွဲဝေချထားပေးရန်၊

(ဂ) ဌာနအဖွဲ့အစည်းများသို့ အသုံးစရိတ်ဘောင်ချမှတ်ပေးခြင်းဖြင့် အရင်းအမြစ် ခွဲဝေမှုဆိုင်ရာ မဟာဗျူဟာ (Strategic Resource Allocation) ပိုမိုတိုးတက်ကောင်းမွန်စေရန်၊

(ဃ) မူဝါဒအပေါ်အခြေခံ၍ ဘတ်ဂျက်ရေးဆွဲရာတွင် အောက်ခြေမှ အထက်အဖွဲ့အစည်းအဆင့်ဆင့်သို့ စီမံကိန်းရေးဆွဲ တင်ပြခြင်းနှင့် အထက်မှအောက်သို့ ဘတ်ဂျက်ချမှတ်ပေးမှုအရ အဆင့်ဆင့်အကောင်အထည်ဖော်နိုင်ခြင်းတို့ကို ပေါင်းစပ်ကျင့်သုံးနိုင်ခြင်းဖြင့် နိုင်ငံတကာတွင် ကျင့်သုံးနေသည့်နည်းစနစ်များနှင့်အညီ ဖြစ်စေရန်။

| MTFF ကို ရေးဆွဲရာတွင် အသုံးပြုသည့် မေခရိုစီးပွားရေးညွှန်ကိန်းများ | | | |
|---|---|---|---|
| ၁ | Real GDP တိုးတက်မှုနှုန်း<br>(Real GDP Growth Rate) | ၅ | နိုင်ငံခြားငွေလဲလှယ်မှုနှုန်း<br>(Exchange Rate) |
| ၂ | Nominal GDP ပြောင်းလဲမှုနှုန်း<br>(Nominal GDP Growth Rate) | ၆ | ငွေတိုက်စာချုပ် အတိုးနှုန်း<br>(Interest Rate of Treasury Bonds) |
| ၃ | Nominal GDP<br>(Nominal GDP) | ၇ | ငွေတိုက်လက်မှတ် အတိုးနှုန်း<br>(Interest Rate of Treasury Bills) |
| ၄ | ငွေကြေးဖောင်းပွမှုနှုန်း<br>(Inflation) | ၈ | သွင်းကုန်တိုးတက်မှုနှုန်း<br>(Import Growth Rate) |

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ တိုင်းဒေသကြီး(သို့မဟုတ်)ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ လိုငွေဖြည့်ဆည်းပေးနိုင်ရေးအတွက်ကိုလည်း နှစ်လတ်ဘဏ္ဍာရေးမူဘောင် (MTFF) ဖြင့် ခန့်မှန်းတွက်ချက်ပါသည်။

| တိုင်းဒေသကြီး(သို့မဟုတ်)ပြည်နယ်များ၏ လိုငွေဖြည့်ဆည်းပေးမည့် ခန့်မှန်းခြေကို တွက်ချက်ရာတွင် အသုံးပြုသည့် မေခရိုစီးပွားရေးညွှန်ကိန်းများ | | | |
|---|---|---|---|
| ၁ | စုစုပေါင်းလူဦးရေ<br>(Total Population) | ၄ | တစ်ဦးကျအခွန်ကောက်ခံမှု<br>(Per Capita Tax Collection) |
| ၂ | ဆင်းရဲမှုညွှန်ကိန်း<br>(Poverty Index) | ၅ | လူတစ်ဦးစီ၏ပျမ်းမျှအသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး<br>(Per Capita GDP) |
| ၃ | မြေဧရိယာအကျယ်အဝန်း<br>(Area) | ၆ | တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် စုစုပေါင်းလူဦးရေတွင် မြို့ပြလူဦးရေ ပါဝင်မှုအချိုး<br>(Urban Population as Percent of Total State Population) |

*နှစ်လတ်ဘဏ္ဍာရေးမူဘောင် (MTFF) တွက်ချက်ရာတွင် လိုငွေနှင့်ဂျီဒီပီအချိုးကို ၅% ထက်မကျော်လွန်စေရန် ထိန်းသိမ်းထားရှိပြီး တွက်ချက်ရေးဆွဲပါသည်။*

## ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်
## ကယားပြည်နယ်၏စီးပွားရေးနှင့်ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များ

| | | | | |
|---|---|---|---|---|
| ၁။ | ကယားပြည်နယ်၏ စုစုပေါင်း ပြည်တွင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) | ကျပ် | ၃၀၁,၉၉၁ | သန်း |
| ၂။ | လူတစ်ဦးချင်း၏ ပျမ်းမျှအသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုး (Per Capita GDP) | ကျပ် | ၁,၀၁၃ | သန်း |
| ၃။ | လိုငွေနှင့် GDP အချိုး | | ၁၇.၀၃ | % |
| ၄။ | GDP တိုးတက်မှုနှုန်း | | ၁.၆ | % |
| ၅။ | ကယားပြည်နယ်၏ စုစုပေါင်း ရငွေ ခန့်မှန်းချက် | ကျပ် | ၆,၃၂၉ | သန်း |
| | (က) သာမန်ရငွေ | ကျပ် | ၁,၉၆၇ | သန်း |
| | (ခ) အခွန်ရငွေ | ကျပ် | ၂၉၉ | သန်း |
| | (ဂ) အခွန်ဝေစုရငွေ | ကျပ် | ၄၀၆၃ | သန်း |
| ၆။ | ကယားပြည်နယ်၏ စုစုပေါင်း အသုံးစရိတ် ခန့်မှန်းချက် | ကျပ် | ၅၇,၇၇၁ | သန်း |
| ၇။ | ကယားပြည်နယ်၏ စုစုပေါင်း လိုငွေ ခန့်မှန်းချက် | ကျပ် | ၅၁,၄၄၂ | သန်း |

မှတ်ချက်။ (က) ပြည်ထောင်စုမှ ခွဲဝေပေးသည့် အခွန်ဝေစုရငွေများမှာ -

- ကုန်သွယ်လုပ်ငန်းခွန် ၁၅%
- အထူးကုန်စည်ခွန် ၁၅%
- ဝင်ငွေခွန် ၅% ဖြစ်ပါသည်။

(ခ) ကယားပြည်နယ် ဘဏ္ဍာရန်ပုံငွေအတွက် လိုငွေ ကျပ် ၅၁,၄၄၂ သန်း ကို ပြည်ထောင်စုမှ ထောက်ပံ့ပေးပါသည်။

## ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် နှင့် ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ကယားပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန၊ အဖွဲ့အစည်းများအလိုက် သုံးငွေလျာထားချက်များ

(ကျပ်သန်းပေါင်း)

| စဉ် | | ဌာန/အဖွဲ့အစည်းအမည် | ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ် မူလ ခန့်မှန်းခြေ | ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီး ခန့်မှန်းခြေ | ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေ |
|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ |
| ၁ | | ဗဟိုအဖွဲ့အစည်းများ | ၁၆၅၀၆.၃၁၈ | ၁၉၀၉၄.၅၈၇ | ၁၈၀၂၆.၀၇၁ |
| | ၁ | ပြည်နယ်အစိုးရအဖွဲ့ရုံး | ၁၅၅၀၈.၅၀၀ | ၁၈၀၈၇.၅၅၁ | ၁၃၄၄၇.၁၆၈ |
| | ၂ | ပြည်နယ်လွှတ်တော်ရုံး | ၂၁၅.၅၉၃ | ၂၃၃.၈၆၆ | ၃၄၈၄.၂၀၁ |
| | ၃ | ပြည်နယ်တရားလွှတ်တော် | ၆၅.၃၄၄ | ၅၆.၂၈၉ | ၆၀.၇၈၉ |
| | ၄ | ပြည်နယ်ဥပဒေချုပ်ရုံး | ၁၉၈.၁၀၃ | ၁၉၈.၁၀၃ | ၃၁၇.၄၅၇ |
| | ၅ | ပြည်နယ်စာရင်းစစ်ချုပ်ရုံး | ၅၁၈.၇၇၈ | ၅၁၈.၇၇၈ | ၇၁၆.၄၅၆ |
| ၂ | | ဝန်ကြီးဌာနများ | ၃၁၆၄၀.၆၂၇ | ၃၂၅၀၀.၅၄၈ | ၃၃၇၀၇.၆၅၈ |
| | ၁ | ပြည်ထဲရေး | ၆၀၃၁.၄၆၄ | ၆၁၆၀.၁၃၀ | ၅၇၁၀.၃၆၈ |
| | | ၁။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ၂၇၅၆.၅၈၃ | ၂၈၆၁.၄၀၇ | ၃၃၂၃.၅၆၆ |
| | | ၂။ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | ၂၂၃.၆၅၂ | ၂၂၅.၀၈၁ | ၂၆၁.၁၂၈ |
| | | ၃။ မီးသတ်ဦးစီးဌာန | ၃၀၅၁.၂၂၉ | ၃၀၇၃.၆၄၂ | ၂၁၂၅.၆၇၄ |
| | ၂ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း | ၂၁၃၆.၇၆၀ | ၂၁၇၁.၅၈၆ | ၂၆၂၇.၇၃၄ |
| | | ၁။ စိုက်ပျိုးရေးဦးစီးဌာန | ၁၁၁၄.၅၈၁ | ၁၁၄၃.၇၈၇ | ၉၉၃.၅၈၇ |
| | | ၂။ ငါးလုပ်ငန်းဦးစီးဌာန | ၄၉.၈၃၄ | ၅၂.၃၉၁ | ၅၀၈.၅၆၅ |
| | | ၃။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | ၂၉၁.၅၃၈ | ၂၉၁.၅၃၈ | ၄၀၅.၈၃၈ |
| | | ၄။ သမဝါယမဦးစီးဌာန | ၂၉၃.၈၅၃ | ၂၉၆.၁၈၃ | ၄၀၉.၂၄၃ |
| | | ၅။ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | ၃၈၆.၉၅၄ | ၃၈၇.၆၈၇ | ၃၁၀.၅၀၁ |
| | ၃ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၁၀၇၂.၃၆၇ | ၁၀၇၂.၄၅၇ | ၁၁၉၆.၂၇၃ |
| | | ၁။ သစ်တောဦးစီးဌာန | ၆၄၃.၅၉၃ | ၆၄၃.၅၉၃ | ၇၂၈.၂၇၅ |
| | | ၂။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | ၄၂၈.၇၇၄ | ၄၂၈.၈၆၄ | ၄၆၇.၉၉၈ |
| | ၄ | ကျန်းမာရေးနှင့် အားကစား | ၂၀၄၇.၂၇၃ | ၂၁၈၈.၁၇၁ | ၁၅၂၄.၉၇၅ |
| | | ၁။ အားကစားနှင့်ကာယပညာဦးစီးဌာန | ၂၀၄၇.၂၇၃ | ၂၁၈၈.၁၇၁ | ၁၅၂၄.၉၇၅ |
| | ၅ | စီမံကိန်းနှင့် ဘဏ္ဍာရေး | ၈၅၅.၂၅၈ | ၈၇၄.၄၃၇ | ၁၅၄၄.၈၇၄ |
| | | ၁။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန | ၅၄၂.၁၁၁ | ၅၄၄.၈၀၀ | ၁၀၄၁.၂၈၆ |
| | | ၂။ ဗဟိုစာရင်းအင်းအဖွဲ့ | | | ၂၀၀.၀၀၀ |
| | | ၃။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | ၃၁၃.၁၄၇ | ၃၂၉.၆၃၇ | ၃၀၃.၅၈၈ |
| | ၆ | ဆောက်လုပ်ရေး | ၁၉၄၉၇.၅၀၅ | ၂၀၀၃၃.၇၆၇ | ၂၁၁၀၃.၄၃၄ |
| | | ၁။ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | ၁၉၄၅.၉၅၈ | ၂၀၂၇.၄၃၄ | ၂၁၀၃.၄၃၄ |
| | | ၂။ လမ်းဦးစီးဌာန | ၁၇၅၅၁.၅၄၇ | ၁၈၀၀၆.၃၃၃ | ၁၉၀၀၀.၀၀၀ |
| ၃ | | စည်ပင်သာယာရေးအဖွဲ့များ | ၄၄၈၅.၄၃၁ | ၄၄၈၅.၄၃၁ | ၆၀၃၇.၂၅၇ |
| | | စုစုပေါင်း | ၅၂၆၃၂.၃၇၆ | ၅၆၀၈၀.၅၆၆ | ၅၇၇၇၀.၉၈၆ |


ကယန်းဂေခို
ဒီဝင်ငွေတွေကို ဘယ်လိုနေရာတွေမှာ ပြန်သုံးတာလဲ
အများဆုံးကတော့ ဒေသဖွံ့ဖြိုးရေးအတွက် သုံးတာပေါ့...
ဥပမာ-လမ်းဖောက်တယ် တံတားဆောက်တယ်..လျှပ်စစ် မီးလင်းရေးတွေမှာပေါ့. တို့ပြည်နယ် ဖွံ့ဖြိုးသာယာ လှပဖို့အတွက်ပေါ့ကွာ

# ကယားပြည်နယ် ဘဏ္ဍာရန်ပုံငွေစာရင်းမှ

# မြို့နယ်အလိုက် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မည့် လုပ်ငန်းများ

## ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်
## နယ်စပ်ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဆောင်ရွက်မည့်လုပ်ငန်းများ

| စဉ် | လုပ်ငန်းများ | အသုံးစရိတ် ငွေရပ်(ကျပ်သန်း) |
|---|---|---|
| ၁ | လွိုင်ကော်မြို့နယ် | ၉၂၅.၄၅၃ |
| | (က) လမ်းတံတားခင်းခြင်းများ | ၉၀၃.၇၆၃ |
| | - ကျောက်ခင်းလမ်း ၄/၂ မိုင် | ၄၁၂.၁၀၀ |
| | - ကတ္တရာလမ်း ၁/၈ မိုင် | ၁၈၄.၇၃၄ |
| | - လမ်းပြုပြင်ခြင်းနှင့် လမ်းသားချဲ့ခြင်း | ၅၅.၄၂၉ |
| | - ကွန်ကရစ်တံတား (၆) စင်း | ၂၁၁.၅၀၀ |
| | - Box Culvert (၁၆) စင်း | ၄၀.၀၀၀ |
| | (ခ) ရေရရှိရေးလုပ်ငန်း (၁)ခု | ၂၁.၆၉၀ |
| | - လင်ဖုံလေး(အထက်)ရွာ အတွက် ၁၁၀၀၀ ရေထွက်ပေါက်မှရေအား ကျေးရွာသို့ရေသွယ်တန်းခြင်း | |
| ၂ | ဒီးမော့ဆိုမြို့နယ် | ၂၂၉.၅၀၀ |
| | (က) လမ်းတံတားခင်းခြင်းများ | ၄၅.၀၀၀ |
| | - ကွန်ကရစ်တံတား (၁)စင်း | |
| | (ခ) ပညာရေးလုပ်ငန်းများ | ၈၆.၄၀၀ |
| | - အ.လ.က ကျောင်း RC (၁)ထပ် (၁၂၀ x ၃၀) ပေ | |
| | (ဂ) အိမ်ရာဆောက်လုပ်ခြင်းလုပ်ငန်း | ၉၈.၁၀၀ |
| | - ရှမ်းကူ ပရဟိတကျောင်းအိပ်ဆောင် RC (၁)ထပ် (၉၀x၃၀) ပေ တည်ဆောက်ခြင်းနှင့် ဒေါ်တမကြီးပရဟိတကျောင်း စားရိပ်သာ အုတ်ညှပ် (၁) ထပ် (၆၀ x ၃၀) ပေတည်ဆောက်ခြင်း | |
| ၃ | ဖရူဆိုမြို့နယ် | ၆၂၅.၃၂၅ |
| | (က) လမ်းတံတားခင်းခြင်းများ | ၆၂၅.၃၂၅ |
| | - မြေသားလမ်း ၂၂/၄ မိုင် | ၅၀၇.၈၂၅ |
| | - Box Culvert (၄၇) စင်း | ၁၁၇.၅၀၀ |
| ၄ | ရှားတောမြို့နယ် | ၂၀၄.၃၃၁ |
| | (က) လမ်းတံတားခင်းခြင်းများ | ၁၆၈.၇၆၁ |
| | - မြေသားလမ်း ၂/၂ မိုင် | ၅၀.၇၈၃ |
| | - ကျောက်ခင်းလမ်း ၀/၂ မိုင် | ၂၂.၉၇၈ |
| | - ကွန်ကရစ်တံတား (၂) စင်း | ၅၂.၅၀၀ |
| | - Box Culvert (၁၇) စင်း | ၄၂.၅၀၀ |
| | (ခ) ရေရရှိရေးလုပ်ငန်း (၁)ခု | ၁၅.၀၀၀ |
| | - နားကျိုင်းလေးရွာ သောက်သုံးရေ သွယ်ယူခြင်း | |
| | (ဂ) အိမ်ရာဆောက်လုပ်ခြင်းလုပ်ငန်း | ၂၀.၅၇၀ |

## ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်
